ကလုံမော်ကျေးရွာ

အောင်လံမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း

(၂၀၂၃-၂၀၂၄)ခုဘဏ္ဍာရေးနှစ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကလုံမော်ကျေးရွာ၊ အောင်လံမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်။)

၂၀၂၃ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


၁။ စကားချီး ၃

၂။ ကလုံမှော်ကျေးရွာသယံဇာတပြမြေပုံ၊ အောင်လံမြို့နယ် ၅

၃။ တည်နေရာနှင့် ပထဝီအနေအထား ၆

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၅။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၇

၆။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ ၇

**(က)** သီးနှံစိုက်ပျိုးရေး

**(ခ)** မွေးမြူရေးလုပ်ငန်း

**(ဂ)** စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

**(ဃ)** ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၇။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉

**(က)** ကျေးလက်သယ်ယူပို့ဆောင်ရေး

**(ခ)** ကျေးရွာမီးလင်းရေး

**(ဂ)** သတင်းနှင့်ဆက်သွယ်ရေး

၈။ ပညာရေး ၁၀

၉။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၁

၁၀။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၁

၁၁။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၂

၁၂။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်များ ၁၂

နောက်ဆက်တွဲများ


နောက်ဆက်တွဲ (၁) – ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း ၁၃

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၄

နောက်ဆက်တွဲ (၃) – ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၇၆

နောက်ဆက်တွဲ (၄) – ဦးစားပေးစီမံချက်အဆိုပြုလွှာ(၁) ၈၀

နောက်ဆက်တွဲ (၅) – ဦးစားပေးစီမံချက်အဆိုပြုလွှာ(၂) ၈၂

နောက်ဆက်တွဲ (၆) – ဦးစားပေးစီမံချက်အဆိုပြုလွှာ(၃) ၈၄

**၁။ စကားချီး**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ခု ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကလုံမှော် ကျေးရွာ၏ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင် ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထု ကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက် များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်း အချက် အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်း တွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်

အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလ အပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကလုံမှော်ကျေးရွာ

အောင်လံမြို့နယ်

ဩဂုတ်လ ၊ ၂၀၂၃ ခုနှစ်။

## ကလုံမှော်ကျေးရွာ၏ ကျေးရွာ သယံဇာတပြမြေပုံ



## ၃။ တည်နေရာနှင့် ပထဝီအနေအထား

ကလုံမှော်ကျေးရွာသည် ကလုံမှော်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး အောင်လံမြို့နယ်၏တောင်ဘက် (၂၈)မိုင်ခန့်အကွာ တွင် တည်ရှိပါသည်။ ရွာ၏ အရှေ့သို့လားသော် လက်ပကန်ကျေးရွာ၊ အနောက်သို့လားသော် ကံမလေးကျေးရွာ၊မြောက်သို့လားသော် စကြီးကျေးရွာ နှင့် တောင်သို့လားသော် သရက်တောကျေးရွာ စသည်ကျေးရွာများနှင့် ဆက်စပ်တည်ရှိပါသည်။

## ၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကလုံမှော်ကျေးရွာ၏ ရာသီဥတုမှာ မြန်မာပြည်အလယ်ပိုင်း ရာသီဥတုဖြစ်ပါသည်။ မကွေးတိုင်းနှင့်ပဲခူးတိုင်းနယ်ဆုံးဖြစ်သည့်အလျောက် မြန်မာနိုင်ငံအလယ်ပိုင်းအခြားဒေသများလောက် ရာသီဥတုမပြင်းထန်ပါ။ သဘာဝအရင်းအမြစ်မှာ တောင်ကုန်းတောင်တန်း၊ လျှိုမြောင်၊ လယ်နှင့် မြေပြန့်လယ်ယာမြေများ ရှိပါသည်။

## ၅။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကလုံမှော်ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သာရေးနာရေးကူညီမှု လူငယ်အသင်းနှင့် ဓမ္မစကြာအဖွဲ့တို့ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ကျောင်းသား/သူများ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာအလယ်တန်းကျောင်း ရှိပါသည်။ ကျေးရွာလမ်းမကြီးအားမြေသားလမ်းဖြစ်ပြီး လုပ်ငန်းအလိုက် ကော်မတီအသီးသီးထားရှိပြီး စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါသည်။

## ၆။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်သောကျေးရွာဖြစ်ပါသည်။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေမှာ အလယ်အလတ်တွင် ရှိပြီး သီးနှံထုတ်လုပ်မှုမှာလလည်း အလယ်အလတ်တွင်ရှိပါသည်။ အဓိကစိုက်ပျိုးသောသီးနှံများမှာ စပါး၊ နှမ်း၊ မြေပဲ၊ ပဲကြီး၊ ပဲတီစိမ်းနှင့် ကြံတို့ဖြစ်ပါသည်။ ၎င်းသီးနှံများကို စိုက်ပျိုးရာတွင် ရာသီဥတုကိုလိုက်၍ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးသုံးစက်ကိရိယာ ပိုင်ဆိုင်မှုမှာလည်း နည်းပါးပါသည်။ သီးနှံအထွက်တိုးစေရန်အတွက် သဘာဝမြေဩဇာနှင့် စိုက်ပျိုးရေးဆေးများ အနီးပတ်ဝန်းကျင်ကျေးရွာတွင် ဝယ်ယူရရှိ

နိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အိမ်ထောင်စု(၅၀)ကျော်ခန့်မှာ မြေယာမဲ့များ ဖြစ်ကြပြီး ဆင်းရဲသည်ဟု ခံယူကြပါသည်။ ဆင်းရဲသည်ဟု သတ်မှတ်သူများသည် မြေယာမဲ့နှင့် စိုက်ပျိုးမြေ(၁)ကေ မှာ (၂.၅)ကေအတွင်း ပိုင်ဆိုင်သူများ၊ ကျပန်းအလုပ် သမားများ ဖြစ်ကြပါသည်။ ချောင်လည်သော မိသားစုများသည် စိုက်ပျိုးမြေ(၅)ကေ အတွင်း ပိုင်ဆိုင်သူများဖြစ်ကြပြီး (၁၂)ကေနှင့် ပိုင်ဆိုင်သူများသည် ကျေးရွာ၏ အထက် တန်းလွှာများ ဖြစ်ကြပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျွန်တော်တို့ကျေးရွာသည် နွား၊ ကြက်၊ ဝက်နှင့် ဆိတ်တို့ကို တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ထိုသို့ မွေးမြူထားသောကြောင့် စားဝတ်နေရေး သက်သာချောင် ချိလှပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူကြသောကြောင့် စီးပွားရေးကို တစ်ဖက်တစ်လမ်း မှ အထောက်အကူဖြစ်ပါသည်။ အချို့အိမ်ထောင်စုများသည် ဝက်ကို မွေးမြူကြပြီး အစားဈေးမြင့်မားမှု၊ ရောင်းချရသောအခါ ဈေးနှိမ်ခံရမှုကြောင့် တွက်ချေမကိုက် ကြောင်းလည်း တွေ့ရှိရပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျွန်တော်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုသော အခြားဝင်ငွေရလုပ်ငန်း များ ရှိသော်လည်း ဝင်ငွေအသင့်အတင့်သာရှိပါသည်။ အသက်မွေးဝမ်းကျောင်း နည်း ပညာဆိုင်ရာ လုပ်ငန်းများဖြစ်သော ဆောက်လုပ်ရေး၊ ဆံပင်နှင့်အလှပြုပြင်ရေး၊ အပ်ချုပ်ဆိုင်ငယ်များနှင့် အစိုးရဝန်များလည်း အနည်းငယ်သာရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ အသင့်အတင့်သာရှိ သော ကြောင့် ရွာသူ/သားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးပြီး ဝင်ငွေမှာ လည်း နည်းပါးလှပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေး၊ သမဝါယမငွေများကို အဖွဲ့လိုက် ကာလ တိုချေးယူထားကြောင်း လေ့လာတွေ့ရှိရပါသည်။ စိုက်ဘဏ်ကို ယခင်က ချေးယူထား ကြသော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် ရပ်နားထားပြီး အခြားပုဂ္ဂလိက အသေးစားချေးငွေများကိုလည်း အိမ်ထောင်စုအနည်းငယ်က ချေးယူထားကြောင်း တွေ့ ရှိရပါသည်။ စိုက်ပျိုးရေးဘဏ်မှ အတိုးနှုန်း ပြား(၈၀)ဖြင့် ဇွန်၊ ဇူလိုင်လများတွင် ထုတ်ချေးပေးထားသော်လည်း ပုံစံ(၇)တင်ပြနိုင်မှသာ ချေးငွေရရှိပါသည်။ မတင်ပြနိုင် ပါက အခြားအဖွဲ့အစည်းများမှ အတိုးနှုန်း(၃)ကျပ်ဖြင့် လည်းကောင်း၊ ကျေးရွာတွင်

ငွေချေးပေးသူထံမှ တစ်လလျှင် အတိုး(၅)ကျပ်နှုန်းဖြင့် မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ကာလတိုချေးငွေ ရယူခြင်းများ ရှိပါသည်။

## ၇။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျွန်တော်တို့ကျေးရွာ၏ အရှေ့ဘက်(၂)မိုင်ကျော်တွင် ရန်ကုန်-မန္တလေး အဝေးပြေးလမ်းရှိပြီး ကျေးရွာချင်းဆက်လမ်းမှာ ကျောက်ချောလမ်းခင်းထားရာ သယ်ယူပို့ဆောင်ရေးအတွက် ကား/ဆိုင်ကယ်တို့ကို အဓိကထား အသုံးပြုကြပါသည်။

### (ခ) ကျေးရွာမီးလင်းရေး

ကျွန်တော်တို့ကျေးရွာသည် ပျဉ်းပင်လှဓါတ်အားခွဲလိုင်းမှ လျှပ်စစ်မီးရရှိပြီးဖြစ်ပါသည်။ ရေရှည်တည်တံ့လည်ပတ်နိုင်ရန်အတွက် ကျေးရွာမီးလင်းရေးကော်မတီမှ ဆောင်ရွက်လျှက်ရှိပါသည်။

### (ဂ) သတင်းနှင့်ဆက်သွယ်ရေး

သတင်းအချက်အလက်များကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာများအနေဖြင့် ဖုန်းအသုံးပြုခြင်း၊ ရေဒီယို နားထောင်ခြင်း၊ တီဗွီကြည့်ရှုခြင်းများဖြင့် အသင့်အတင့် ကောင်းမွန်လျက်ရှိပါသည်။

## ၈။ ပညာရေး

ကျွန်တော်တို့ကျေးရွာ၏ ပညာရေးအနေဖြင့် အခြေခံပညာအထက်တန်းပညာကို ကျီရပ်ကုန်း(အ.ထ.က)သို့ လွယ်ကူစွာတက်ရောက်သင်ကြားရသဖြင့် ကျေးရွာရှိကျောင်းသူ/သားများအတွက် အဆင်ပြေလှပါသည်။ ပညာတတ်၊ ဘွဲ့ရများအသင့်အတင့်ရှိပြီး ကျောင်းဆရာ/ဆရာမ အသင့်အတင့် ရှိပါသည်။ ကျောင်းဆရာ၊ဆရာမအချိုးနှင့် ကျောင်းသားဦးရေအချိုးမှာ အသင့်အတင့်ရှိပြီး မိဘဆရာအသင်း အခန်းကဏ္ဍမှာလည်း အသင့်အတင့်ရှိပါသည်။

## ၉။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်တော်တို့ကျေးရွာ၏ ကျန်းမာရေးအနေဖြင့် ကျေးရွာရှိ ကျေးလက်ဆေးပေးခန်းမှ သက်ဆိုင်ရာဌာနခွဲမှ ကျန်းမာရေးမှူးနှင့်ဆရာ/ဆရာမများမှ သတ်မှတ်ရက်အလိုက် လာရောက်ကြည့်ရှုစောင့်ရှောက်ပေးပါသည်။ ကြီးမားသော ထိခိုက်မှု၊ ကျန်းမာရေးချို့တဲ့မှုများရှိလာလျှင် ညောင်ပင်ဆိပ် တိုက်နယ် ဆေးရုံ(သို့) ပြည်နှင့်အောင်လံ ပြည်သူ့ဆေးရုံသို့လည်းကောင်း၊

ပြည်ပဆေးရုံများသို့လည်းကောင်း သွားရောက်ကုသကြပါသည်။ ကလေးငယ်များ ဝမ်းပျက်ဝမ်းလျော၊ သွေးလွန်တုတ်ကွေးရောဂါများ မိုးတွင်းကာလတွင် ဖြစ်ပွားမှုများတတ်၍ ကျန်းမာရေးဝန်ထမ်းများမှ ခြင်၊ ယင်ပေါက်ပွားမှု မရှိစေရန် ယင်လုံ အိမ်သာများစစ်ဆေးခြင်း၊ ရေဆိုးများမရှိစေရေးကို ကျန်းမာရေးဗဟုသုတများပေးကာ လာရောက်စစ်ဆေးပေးကြပါသည်။ အဟာရဓါတ်များ ညီညွတ်စေရန် အသီးအနှံ၊ အသား၊ ငါးများကို အချိုးကျစားသုံးရန်နှင့် သောက်သုံးရေများ သန့်စင်နေရေး အထူးဂရုပြုရန် ကျန်းမာရေးအသိများကို ကျန်းမာရေးဌာနမှ မျှဝေပေးလျက်ရှိပါသည်။ သောက်သုံးရေများကို လည်း ရာသီအလိုက် အလုံအလောက် ရရှိကြပါသည်။ခြင်၊ယင် ကာကွယ်ရန်အတွက် ရေဆိုးများရှိသော ရေအိုင်များဖို့ခြင်း၊ ခြုံပုတ်များရှင်းလင်းခြင်းများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးလက်နေပြည်သူများမှ ဆောင်ရွက်မှုများရှိသော်လည်း ဆေးဝါးနှင့် နည်းပညာများ လိုအပ်လျက်ရှိပါသည်။

## ၁၀။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်တော်တို့ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် ဆေးဘက်ဝင်အပင်မျိုးစိပ်များနှင့် သဘာဝတိရိစ္ဆာန်များကို တွေ့ရှိရပါသည်။ ကျေးရွာမှ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများလည်းရှိပါသည်။အပူအအေးလွန်ကဲခြင်း၊မိုးကြီးမိုးခေါင်မှုများ ရှိနေတတ်ပြီး ကူညီစောင့်ရှောက်စွမ်းဆောင်နိုင်မှုမှာ အနိမ့်ဆုံးသာရှိနေပါသည်။ ကျေးလက်နေတောင်သူများအနေဖြင့် ပိုးမွှားအန္တရာယ်တစ်ခါတစ်ရံဖြစ်ပေါ်တတ်ရာ အရေးပေါ်ကုသမှုများ ကျေးရွာကျန်းမာရေးဘက်မှ အားနည်းနေသည်ကိုလဲ တွေ့ရှိရပါသည်။သဘာဝဆေးဘက်ဝင် အပင်များမထိခိုက်စေပဲ အန္တရာယ်ရှိသော ခြုံနွယ်များကို ရာသီအလိုက် ပူးပေါင်းရှင်းလင်း ဆောင်ရွက်လျက်ရှိပါသည်။

## ၁၁။ ကျား – မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာ၏လူမှုရေးဆိုင်ရာအချက်အလက်များအနေဖြင့် အချိုးညီမျှပြီး လုပ်အားတွင်လဲ ကျား-မ တန်းတူအခွင့်အရေးညီမျှစွာရရှိကြပါသည်။လူမှုရေး၊သာရေးနာရေးတွင်လည်း ညီညာစွာ အားပေးကူညီလျက်ရှိပါသည်။ကျေးရွာစီမံအုပ်ချုပ်မှုတွင် အမျိုးသားများ ပို၍ ပူးပေါင်းပါဝင်မှုရှိပြီး ကျေးရွာဖွံ့ဖြိုးရေးများတွင် အမျိုးသမီးများပါ အတူတကွ ပူးပေါင်းပါဝင်မှု ရှိသည်ကို တွေ့ရှိရပါသည်။

## ၁၂။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်း | ဦးစား ပေး အဆင့် | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ |
|---|---|---|---|---|---|---|---|---|
| ၁ | အခြေခံအ ဆောက်အဦ | ကျေးရွာတွင်း ကွန်ကရစ်လမ်း ခင်းခြင်း | ၁ | ✔ | | | | |
| ၂ | ပညာရေး | ကျောင်းဆောင် သစ်ဆောက်လုပ် ခြင်း | ၂ | | ✔ | | | |
| ၃ | ချေးငွေရရှိ ရေး | မြစိမ်းရောင် ကျေးရွာစီမံကိန်း | ၃ | | ✔ | ✔ | | |
| ၄ | အခြေခံအ ဆောက်အဦ | စာကြည့်တိုက် တည်ဆောက် ခြင်းလုပ်ငန်း | ၄ | | ✔ | | ✔ | |
| ၅ | ရေပေးရေး | ရေမြောင်းများ ပြုပြင်ပေးရန် | ၅ | | ✔ | | | ✔ |
| ၆ | အားကစား | ကျေးရွာပိုင် ဘောလုံးကွင်း ရရှိရေး | ၆ | | ✔ | | | |
| ၇ | ရေပေးရေး | ကျေးရွာတွင်း စက်ရေတွင်း ရရှိ ရေးလုပ်ငန်း | ၇ | | | ✔ | | |
| ၈ | ပညာရေး | စာသင်ကျောင်း စာ သင်ခုံများရရှိ ရေး | ၈ | | | ✔ | | |
| ၉ | အခြေခံအ ဆောက်အဦး | ကျေးရွာအဝင် လမ်းကွန်ကရစ် လမ်းခင်းခြင်း | ၉ | | | ✔ | | |
| ၁၀ | ပညာရေး | ကျောင်းဝန်းအတွင်း အားကစားကွင်း ရရှိရေး | ၁၀ | | | ✔ | | |

၁။ ကလုံမှော်ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

| စဉ် | ကျေးရွာ | အမည် | တာဝန် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကလုံမှော် | ဦးအောင်မင်းသိန်း | ဥက္ကဋ္ဌ | |
| ၂ | ကလုံမှော် | ဦးမင်းမင်းစိုး | အတွင်းရေးမှူး | |
| ၃ | ကလုံမှော် | ဦးသိန်းဇော် | အဖွဲ့ဝင် | |
| ၄ | ကလုံမှော် | ဦးဇော်ထွေး | အဖွဲ့ဝင် | |
| ၅ | ကလုံမှော် | ဦးထွန်းထွန်းလင်း | အဖွဲ့ဝင် | |
| ၆ | ကလုံမှော် | ဒေါ်သဲစုလှိုင် | အဖွဲ့ဝင် | |
| ၇ | ကလုံမှော် | ဒေါ်ခင်မျိုးဝင်း | အဖွဲ့ဝင် | |
| ၈ | ကလုံမှော် | ဒေါ်ဇင်မွန်နွယ် | အဖွဲ့ဝင် | |
| ၉ | ကလုံမှော် | ဒေါ်နီလာထွန်း | အဖွဲ့ဝင် | |

## ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၇ | ၅ | ၁၂ | | |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက် ကလေးငယ် | ၇၅ | ၅၀ | ၁၂၅ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်း ကျောင်းသား အရွယ် | ၆၄ | ၅၇ | ၁၂၁ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်း ကျောင်းသား အရွယ် | ၃၀ | ၂၅ | ၅၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ် နိုင်သည့်အရွယ် | ၅၁၂ | ၅၂၀ | ၁၀၃၂ | | |
| ၆၅ နှစ်အထက် | သက်ကြီး ရွယ်ကြီး | ၁၀၅ | ၇၃ | ၁၇၈ | | |
| **စုစုပေါင်း** | | **၇၉၃** | **၇၃၀** | **၁၅၂၃** | | |
| **စုစုပေါင်း အိမ်ထောင်စု** | | **၄၂၀** | | | | |

ရင်းမြစ်**...** (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကလုံမှော်ကျေးရွာ ၏ လူဦးရေ သုံးသပ်ချက်အရ ၁ နှစ်အောက်ကလေးအရွယ်များမှာ နည်းပါးပြီး၊၁၄ နှစ် အောက်လူငယ်များမှာ အသင့်အတင့် နှင့် အသက်(၆၄)နှစ်အောက် လူလတ်အရွယ်များ မှာ ပိုမိုများပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁) ကျေးရွာတွင် အိမ်ထောင်စု(၄၂၀)ရှိပြီး ယောကျ်ားလေး(၇၉၃)ဦးနှင့် မိန်းကလေး (၇၃၀)ဦးဖြစ်ပြီးမိန်းကလေးဦးရေမှာယောကျ်ားလေးဦးရေထက်များပြားကြောင်း တွေ့ရှိရပါသည်။အလုပ်လုပ်ကိုင်နိုင်သူများပြားစွာရှိသော်လည်းအလုပ်အကိုင်အခွင့်

အလမ်းနည်းပါးသောကြောင့်လက်ရှိအခြေအနေတွင်ဝင်ငွေနှင့်ထွက်ငွေမျှတမှု မရှိသဖြင့် အခက်အခဲရှိပါသည်။

### (ခ) အလုပ်လုပ်နိုင်သူအင်အား

### (ခ.၁) လုပ်သားအင်အားနှင့်ဝန်ငွေရလုပ်ငန်းအမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့်ဝန်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၅၀ | ၈၀၀ | ၂၀ | ၃၀၀ | ၅၀၀ | ၂၀ | **မြင့်☑ လတ်☐ နိမ့်☐** |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| | အလုပ် | | | | | | | **မြင့်☐** |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | သမား/ဝန်ထမ်း | | | | | | | **လတ်☐**<br>**နိမ့်☐** |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသောရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ် သော အခြား ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင် သူ (ဦးရေ) | ရပ်တည် နိုင်မှု (မှတ်ချက် ကိုသေ ချာစွာ ဖတ်ပြီး မှန်ရာ တစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ် ထောင် စု | မိသား စုဝင် လုပ် အား | အမျိုး သမီးဦး ဆောင် သည့် အိမ် ထောင် စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၅ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| | အလုပ် သမား /ဝန်ထမ်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆၆ | ၂၉၅ | ၅၀ | ၁၃၅ | ၁၆၀ | | **မြင့်☐ လတ်☐ နိမ့်☐** |
| | အလုပ် သမား /ဝန်ထမ်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| ၇ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| | အလုပ် | | | | | | | **မြင့်☐** |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | သမား/ဝန်ထမ်း | | | | | | | **လတ်**☐ **နိမ့်**☐ |
| ၈ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်**☐ **လတ်**☐ **နိမ့်**☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်**☐ **လတ်**☐ **နိမ့်**☐ |
| ၉ | ယာဉ်၊စက်ကိရိယာနှင့်တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်**☐ **လတ်**☐ **နိမ့်**☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်**☐ **လတ်**☐ **နိမ့်**☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်) | | | | | | | |
| | ကိုယ်ပိုင် | | | | | | | **မြင့်**☐ |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | လုပ်ငန်း | | | | | | | **လတ်☐**<br>**နိမ့်☐** |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |
| ၁၁ | လက်လီ-လက်ကားရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |
| ၁၂ | ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၃ | ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| ၁၄ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်နှင့်ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| ၁၅ | အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| ၁၆ | ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်☐ လတ်☐ နိမ့်☐** |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် | | | | | | | **မြင့်☐** |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | **လတ်☐**<br>**နိမ့်☐** |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |
| ၁၉ | လူမှုရေးလုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |
| ၂၀ | အိမ်များတွင်အငှားလိုက်သူများနှင့်အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |
| | အလုပ်သမား/ကျပန်း/ | | | | | | | **မြင့်☐**<br>**လတ်☐**<br>**နိမ့်☐** |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ရာသီလိုက် | | | | | | | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | **မြင့်□**<br>**လတ်□**<br>**နိမ့်□** |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | **မြင့်□**<br>**လတ်□**<br>**နိမ့်□** |

ရင်းမြစ်......(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများမှာအရေအတွက်တွင်မိသားစုဝင်လုပ်အားထပ်မံထည့်သွင်းကောက်ယူခြင်းမပြုရ။ ရပ်တည်နိုင်မှု(နိမ့်၊လတ်၊မြင့်) ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ(သို့မဟုတ်)အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှု အခြေနေကို ဆိုလိုပါ သည်။ ဥပမာ-"စိုက်ပျိုးရေး"ကဏ္ဍ ၏"ကိုယ်ပိုင်လုပ်ငန်း" တွင်ရပ်တည်နိုင်မှု "မြင့်"ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါ သည်။

လေ့လာတွေ့ရှိချက်။ ကလုံမှော်ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းကိုယ်ပိုင်လုပ်ကိုင်သူ၈၀% ရှိပြီး၊ လုပ်သားအင်အားစုမှာ ၇၀% ခန့်ရှိပြီး စီးပွားရေးရပ်တည်မှု အသင့်အတင့်မျှသာရှိပါသည်။

(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၂၅၀၀ | ၂၀၀၀ | | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ–လက်ကားရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ဦးတည်အုပ်စုဆွေးနွေးခြင်း–ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက် (၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ=(လစာ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ=(တစ်ရက်ဝင်ငွေx၈)

လေ့လာတွေ့ရှိချက်။ ကလုံမှော်ကျေးရွာလယ်ယာစိုက်ပျိုးလုပ်ငန်းမှ အလုပ် သမား၏တစ်နေ့ဝင်ငွေမှာ၇၀၀၀ကျပ်ဖြစ်ပြီး တစ်နာရီဝင်ငွေမှာ ၅၀၀ကျပ်နှင့် ၃၇၅ ကျပ် ခန့် ရရှိကြောင်း တွေ့ရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား(၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၃၀၀ | ကောင်း☐ | သင့်☑ | ညံ့☐ |
| ယာမြေ/တောင်ယာမြေ | ၂၅၀ | ကောင်း☐ | သင့်☑ | ညံ့☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း☐ | သင့်☐ | ညံ့☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း☐ | သင့်☐ | ညံ့☐ |
| ဓနိတောမြေ | | ကောင်း☐ | သင့်☐ | ညံ့☐ |
| စားကျက်မြေ | | ကောင်း☐ | သင့်☐ | ညံ့☐ |
| မြေလွတ်မြေလပ် | | ကောင်း☐ | သင့်☐ | ညံ့☐ |
| စုစုပေါင်း | ၅၅၀ | x | | |

ရင်းမြစ် **...** ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊ မြေ

အောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ကလုံမှော်ကျေးရွာတွင် လယ်မြေ ဧက(၃၀၀)ဧက နှင့် ယာမြေဧက(၂၅၀)ဧက ရှိသော်လည်း မြစ်ရေတွင် စီမံကိန်း ဖြင့် သီးနှံများ စိုက်ပျိုးလျက်ရှိကြောင်းလေ့ လာတွေ့ရှိရပါသည်။

**(ဂ.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ**

**ဇယား (၅) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)** | **အသုံးချနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)** | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)** |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခဲတံငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ☐<br>သင့်☐<br>နည်း☐<br>မရှိ☐ | လွယ်☐<br>ခက်☐<br>အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐<br>အပြောင်းအလဲမရှိ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ☐<br>သင့်☐<br>နည်း☐<br>မရှိ☐ | လွယ်☐<br>ခက်☐<br>အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐<br>အပြောင်းအလဲမရှိ☐ |
| သဘာဝအပင်မျိုးစိတ်များ(နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐<br>သင့်☐<br>နည်း☐<br>မရှိ☐ | လွယ်☐ ခက်☐<br>အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐<br>အပြောင်းအလဲမရှိ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ☐<br>သင့်☐<br>နည်း☐<br>မရှိ☑ | ✕ | လျော့☐ တိုး☐<br>အပြောင်းအလဲမရှိ☑ |

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)** | **အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)** | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)** |
|---|---|---|---|
| ရေ-မြေပေါ်ရေ(အင်း၊ အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ☐<br>သင့်☐<br>နည်း☐<br>မရှိ☐ | လွယ်☐<br>ခက်☐<br>အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐<br>အပြောင်းအလဲမရှိ☐ |
| ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း) | များ☐<br>သင့်☐<br>နည်း☐<br>မရှိ☐ | လွယ်☐<br>ခက်☐<br>အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐<br>အပြောင်းအလဲမရှိ☐ |
| သစ်တော-အပူပိုင်း သစ်တော | များ☐<br>သင့်☐<br>နည်း☐<br>မရှိ☐ | လွယ်☐<br>ခက်☐<br>အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐<br>အပြောင်းအလဲမရှိ☐ |
| သစ်တော-ဒီရေတောများ | များ☐<br>သင့်☐<br>နည်း☐<br>မရှိ☐ | လွယ်☐<br>ခက်☐<br>အသုံးမပြုနိုင်ပါ☐ | လျော့☐ တိုး☐<br>အပြောင်းအလဲမရှိ☐ |

ရင်းမြစ် **…** ဦးတည်အုပ်စု ဆွေးနွေးခြင်း **–** ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်**(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)**။ ကလုံမှော် ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းမြစ်များမရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၁)** ကျွန်ုပ်တို့ကျေးရွာသည် အထက်ဖော်ပြပါအကြောင်းအရာများနှင့် ပတ်သက်၍ လက်လမ်းမမှီပါ။

(၂) သဘာဝအရင်းအမြစ်၊တိရိစ္ဆာန်မျိုးစိတ်တို့အတွက်အသုံးဝင်သော အပင်မျိုးစိတ်များ လည်းမရှိပါ။ ကျေးရွာ၏ပျမ်းမျှအပူချိန်မှာ ၃၂ဒီဂရီဖာရင်ဟိုက်ခန့်ရှိပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆)ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေ သော အိမ်ထောင်စု** | **အလယ် အလတ်ရှိ သောအိမ် ထောင်စု** | **မပြေလည် သော အိမ်ထောင်စု** | **အလွန် မပြေလည် သောအိမ် ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့် အတင့် | နည်း | အလွန်းနည်း (သို့)မရှိ |
| အိမ်အခြေအနေ | အလွန်းကောင်း | အသင့်အ တင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့် အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင်း | စီးပွားဝင်ငွေ အသင့်အ တင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀၀ | ၁၅၀ | ၁၅၅ | ၁၅ |

ရင်းမြစ် **...** **(၁)** ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် **(**အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား**)**ကလုံမော်ကျေးရွာ နေထိုင်သူများတွင် အလယ်အလတ်ရှိသော အိမ်ထောင်စု မှ အများအပြားရှိပြီး၊မပြေလည်သော အိမ်ထောင်စု မှ အသင့်အတင့် ၊အဆင်ပြေသော အိမ်ထောင်စုများ အနည်းငယ်နှင့် အလွန်မပြေလည်သော အိမ်ထောင်စု မှာ အနည်းငယ်သာရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

(၁) အထက်ပါဇယားသည်ကျေးရွာလူထု၏ပိုင်ဆိုင်မှုနှင့်ဝင်ငွေအပေါ်မူတည်၍ခွဲခြားထားခြင်းဖြစ်ပါသည်။

(၂) ကျေးရွာအိမ်ထောင်စု(၄၂၀)စုတွင် အဆင်ပြေသော အိမ်ထောင်စု(၁၀၀)စု၊

အလယ် အလတ်ရှိသောအိမ်ထောင်စု(၁၅၀)စု၊ မပြေလည်သောအိမ်ထောင် စု (၁၅၅)စု၊ အလွန် မပြေလည်သော အိမ်ထောင်စု(၁၅)စုတို့ရှိပါသည်။

(၃) ကျေးရွာအိမ်ထောင်စု၏ (၇.၈%)သည် အလွန်မပြေလည်သော အိမ်ထောင်စုများ ဖြစ်ကြသည်။

(၄) ကလုံမှော်ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုမှာ နည်းပါး၍ အဆင်မပြေသောအိမ်ထောင်စုမှာ အများအပြားရှိပါသည်။

(င) ထိခိုက်လွယ်မှု

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဋ္ဌစ္စာခနေအဆင့်၃နှင့်၄အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စု အရေအတွက်များကိုဖော်ပြရန်)** |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | ၁၁ | | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၅<br>လုပ်အားခကြိုယူ = ၆ |
| ၃လနှင့်၆လ ကြားဝမ်းစာဖူလုံမှု | ၁၀ | | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၅<br>လုပ်အားခကြိုယူ = ၅ |
| ၆လမှ၁၂လ အထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ =<br>လုပ်အားခကြိုယူ = |

ရင်းမြစ်...ဋ္ဌစ္စာခနေအဆင့်၃နှင့်၄အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်

ယူခြင်း။

လေ့လာတွေ့ရှိချက်။ ကလုံမှော်ကျေးရွာတွင် ၃လ အောက် ဝမ်းစာဖူလုံမှုမှာ ၁၁ အိမ်ထောင်စု ရှိပြီး၊၃လနှင့်၆လ ကြားဝမ်းစာဖူလုံမှုမှာ ၁၀ အိမ်ထောင်စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု | ၆ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ၂ | | |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း–ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ကလုံမှော်ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု မှာ ၁၀ အိမ်၊မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စုမှာ ၆ အိမ်နှင့် ဆင်းရဲသည့်အိမ်ထောင်စုမှာ ၂ အိမ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | ငလျင် | | | | | | |
| ၈ | အပူလှိုင်း | ✓ | | | ✓ | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | ✓ | | |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | ✓ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | | | | | |
| | **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | | | | **နိမ့်** | **လတ်** | **မြင့်** |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | | | | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ) | | | | | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | | | | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | | ✓ | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၁ | ငှက်ဖျားရောဂါ | | | | | | |
| ၂၂ | တီဘီရောဂါ | | ✓ | | | ✓ | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | ✓ | | |
| ၂၄ | ကပ်ရောဂါ | | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည့် | | | | | | |

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း–ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှု ဆိုရာ၌ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလား။

**(ဥပမာ–အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက်–နိမ့်**

**အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု–လတ်**

**အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက်–မြင့်)**

လေ့လာတွေ့ရှိချက်။ ကလုံမှော်ကျေးရွာတွင် ကျန်းမာရေးကောင်းမွန်ပြီး ရာသီဥတုဆိုးရွားမှုအသင့်အတင့်ရှိကြောင်းတွေ့ရှိပါသည်။

## (၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

**ဇယား(၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းစေရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေး အန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | | | | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | ✓ | | | ✓ | | |
| ၃ | ဆင်းရဲသားတောင်သူ | | | ✓ | ✓ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူ | | ✓ | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းစေရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေး အန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| | များ | | | | | | |
| ၇ | ပြည်တွင်းနေရပ် စွန့်ခွါရွှေ့ပြောင်းခံရ သူ များ(IDP) | | | | | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင် သူများ | | ✓ | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စား များ၊ကျပန်းများ | | | ✓ | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင်နေထိုင် သူများ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေတွင်းလုပ်သား များ | | | | | | |
| ၁၅ | လှည့်လည်သွား လာ၍ဈေးရောင်းသူ များ | | | | | | |
| ၁၆ | နေရပ်ပြန်အခြေချ သူများ | | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ် | | | | | | |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းစေရေးနှင့်လိုက်လျော ညီထွေဖြစ်စေမည့်အစီ အမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေး အန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| | သားများ | | | | | | |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | | | | | | |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း–ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည့် တို့သည်မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသ လား။ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ကလုံမော်ကျေးရွာတွင်ထိခိုက်ခံရနိုင်သည့်သူများမရှိ ကြောင်း လေ့လာတွေ့ရှိပါသည်။

**(က–၁) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

